
© 2017MAHIDOL UNIVERSITY ALL RIGHTS RESERVED

## ငှက်ဖျား၏နောက်ဆက်တွဲ ဆိုးကျိုးများ

ငှက်ဖျား၏နောက်ဆက်တွဲ ဆိုးကျိုး များကြောင့် ပြင်းထန်စွာခံစားရပြီး သေဆုံးနိုင်ပါသည်။

(က) ပြင်းထန်စွာ သွေးအားနည်းခြင်း၊




(ခ) ဆီးထဲတွင် သွေးပါခြင်း၊

(ဂ) ငှက်ဖျားပိုးဦးနောက်ထဲဝင်၍ သတိလစ် မေ့မြောခြင်း ၊

(ဃ) အဖျားအလွန်ကြီးပြီး တက်ခြင်းနှင့် သတိမေ့ခြင်း၊

(င) ဘေလုံး(သရက်ရွက်) ကြီးခြင်းနှင့် ဘေလုံး ကွဲတတ်ခြင်း တို့ဖြစ်ပါသည်။

FIGHT MALARIA



**ငှက်ဖျားရောဂါ ခံစားနေရတယ်လို့ ထင်ပါက နီးစပ်ရာဆေးရုံသွားပြီး ဆရာဝန်ရဲ့ ကုသမှုခံယူဖို့ လိုအပ်ပါတယ်။**



၁၅၀၀/၃၄၃၂, တမ်ဘွန်
မဟာချိုင်၊ အမ်ဖို မူရန်
စမွတ်စခွန်၊ ၇၄၀၀၀။

# ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာ

## (โรคมาลาเรีย)



© 2017MAHIDOL UNIVERSITY ALL RIGHTS RESERVED

## ငှက်ဖျားဖြစ်စေသောအကြောင်း အရင်း

**ငှက်ဖျားရောဂါသည် စိမ့်ရေ၊ စမ်းရေ သောက်ခြင်း၊ချိုးခြင်း၊ ငှက်ပျောသီး၊ ကျွဲကောသီး စား၍မဟုတ်ပါ။ ငှက်ဖျားရောဂါပိုး သယ်ဆောင်လာသော အနော်ဖီလီခြင် ကိုက်ခြင်းကြောင့် ရောဂါ ကူးစက်ခြင်းဖြစ်ပါသည်။ ထိုခြင်သည် ညအချိန်၌ လူကို ကိုက်လေ့ရှိပါသည်။**



## အများဆုံးတွေ့ရှိရသော လက္ခဏာ များ


က) ဖျားခြင်း၊

ခ) ချမ်းတုန်ခြင်းနှင့်ချွေးထွက်ခြင်း၊

## ကာကွယ်ခြင်း

(က) လူကို ခြင်ကိုက်ခြင်းမှ ကာကွယ်ရန် ဘောင်းဘီ အရှည်၊ အင်္ကျီလက်ရှည်နှင့် လုံချည်တို့ကို လုံလုံခြုံခြုံ ဝတ်ဆင်ရပါမည်။

(ခ) ပိုးသတ်ဆေးစိမ်ခြင်ထောင်ကို အသုံးပြုပြီး ညပိုင်းတွင် အိပ်ပါ။ ခန်းဆီးလိုက်ကာများကို ပိုးသတ်ဆေးစိမ်ထားပါက ပိုကောင်းပါသည်။




(ဂ) ခြင်ပေါက်ဖွားနိုင်သော နေရာများတွင် (ရေကြွင်းရေကျန်) ပိုးလောက်လန်းသေဆေးများ ထည့်ထားနိုင်ပါသည်။




(ဃ) နေအိမ် အဆောက်အဦး အတွင်းသို့ ခြင်များ မဝင်နိုင်ရင် တံခါးပေါက်နှင့် ပြတင်းပေါက်များတွင် ခြင်လုံဇကာများ ကာရံထားသင့်ပါသည်။

(င) ညဘက်တွင် ခြင်မကိုက်နိုင်စေရန် ဆေးရည် (Repellent) လိမ်းထားပေးပါ။



(စ) ခြင်နှိမ်နင်းရန်အတွက် နန္ဒင်းမှိုင်းကဲ့သို့သော အလွယ်တကူရရှိနိုင်သည့် ခြင်နိုင်ဆေးခွေကို အသုံးပြုရပါမည်။

